ကာကွယ်ဆေးဆိုင်ရာ အချက်အလက် ထုတ်ပြန်ကြေညာချက် (ယာယီ)

ဟီဗ် (Hib) ကာကွယ်ဆေး *သိကောင်းစရာအဖြာဖြာ*

(*Haemophilus Influenzae* Type b)

ကာကွယ်ဆေးဆိုင်ရာ အချက်အလက် ထုတ်ပြန်ကြေညာချက် အများအပြားကို စပိန်ဘာသာစကားအပြင် အခြားဘာသာ စကားများဖြင့်လည်း ရရှိနိုင်ပါသည်။ www.immunize.org/vis တွင် ကြည့်ပါ။

Hojas de información sobre vacunas están disponibles en español y en muchos otros idiomas. Visite www.immunize.org/vis

1 အဘယ့်ကြောင့်ကာကွယ်ဆေးထိုးရသနည်း။

Haemophilus influenzae type b (Hib/ဟီဗ်) သည် ဘက်တီးရီးယားကြောင့်ဖြစ်ရသည့် ဆိုးရွားသောရောဂါတစ်မျိုး ဖြစ်သည်။ ၎င်းရောဂါသည် ၅-နှစ်အောက်ကလေးတို့တွင် များသောအားဖြင့် ဖြစ်တတ်သည်။

အဆိုပါဘက်တီးရီးယားရှိသော်လည်း ရှိနေကြောင်းကို မသိကြသည့် ကလေးများ သို့မဟုတ် လူကြီး များအနီးတွင် နေမိပါက သင့်ကလေးသည် ဟီဗ် ရောဂါရနိုင်သည်။ ရောဂါပိုးသည် တစ်ဦးမှ အခြားတစ်ဦးသို့ ကူးစက်ပြန့်ပွားနိုင်သည်။ အကယ်၍ရောဂါပိုးသည် ကလေးတစ်ဦး၏ နှာခေါင်း နှင့် လည်ချောင်းတို့တွင် စွဲကပ်နေသည့်တိုင် ထိုကလေးသည် ဖျားနာခြင်းဖြစ်ချင်မှ ဖြစ်မည်။ သို့သော် တစ်ခါတစ်ရံ ပိုးများများသည် အဆုတ် သို့မဟုတ် သွေးကြောများအတွင်းဆီသို့ ပြန့်သွားကာ ဟီဗ် ရောဂါသည် အလွန် ဆိုးရွားသော ပြဿနာများ ဖြစ်ပေါ်စေနိုင်သည်။

ဟီဗ် ကာကွယ်ဆေးမပေါ်မီက ဟီဗ်ရောဂါသည် အမေရိကန်ပြည်ထောင်စုရှိ ၅-နှစ်အောက်ကလေးများတွင် ဘက်တီးရီးယားပိုးကြောင့်ဖြစ်ရသည့် ဦးနှောက် အမြှေးရောင်ရောဂါ ဖြစ်ရခြင်း၏ အဓိက အကြောင်းတစ်ရပ် ဖြစ်ခဲ့သည်။ ဦးနှောက်အမြှေးရောင်ရောဂါ ဆိုသည်မှာ ဦးနှောက်သွေးကြောနှင့် ကျောရိုးနာဗ် ကြောမကြီးတို့တွင် ကူးစက်မှုကို ခေါ်ဆိုသည်။ ယင်းသို့ကူးစက်မှုကြောင့် ဦးနှောက်ပျက်စီးခြင်းနှင့် နားထိုင်းခြင်းများအထိ ဖြစ်လာနိုင်သည်။ ဟီဗ် ရောဂါကြောင့် အောက်ပါတို့လည်းဖြစ်နိုင်သည်။

- အဆုတ်ရောင်ရောဂါ
- အသက်ရှူခက်စေသည့် လည်ချောင်းတွင် ဆိုးဆိုးရွားရွား ရောင်ရမ်းလာခြင်း
- သွေး၊ အဆစ်အမြစ်၊ အရိုးနှင့် နှလုံးနံရံများတွင် ကူးစက်ရောဂေါ များဖြစ်ခြင်း။
- သေဆုံးခြင်း။

ဟီဗ်ကာကွယ်ဆေးမပေါ်မီက အမေရိကန်ပြည်ထောင်စုတွင် ၅-နှစ် အောက်ကလေး ၂၀,၀၀၀ခန့်သည် နှစ်စဉ် အသက်အွန္တရာယ် ဖြစ်စေသော ဟီဗ်ရောဂါဖြစ်ကြသည်။ ၎င်းတို့အထဲမှ ၃% မှ ၆%ထိ သေကြေ ခဲ့ ကြသည်။

ဟီဗ်ကာကွယ်ဆေး သည် ဟီဗ်ရောဂါကို ကာကွယ်နိုင်သည်။ ဟီဗ်ကာကွယ်ဆေးကို စသုံးပြီးနောက်တွင် ဤထိုးဖောက်နောင့် ယှက်ပြန့်ပွားသော ဟီဗ်ရောဂါဖြစ်ပွားမှုအရေအတွက်သည် ၉၉ % ထက်မက လျော့ပါးသွားခဲ့သည်။ ကာကွယ်ဆေးထိုးခြင်းကို ရပ်ထားပါက ကလေးများမှာ ဤဟီဗ်ရောဂါ အဖြစ်များလာသည်။

2 ဟီဗ်ကာကွယ်ဆေး

ဟီဗ်ကာကွယ်ဆေးကို အမှတ်တံဆိပ်အမျိုးမျိုးဖြင့် ၀ယ်ယူရရှိနိုင်ပါသည်။ အသုံးပြုသည့် ကာကွယ်ဆေးအမျိုးအစားပေါ်မူတည်၍ သင့်ကလေးအား ၃-ကြိမ် သို့မဟုတ် ၄-ကြိမ်ထိုးပေးရန် လိုအပ်သည်။

ဟီဗ်ကာကွယ်ဆေးထိုးချိန်ကို အောက်ပါအသက်အရွယ်အတိုင်း ထိုးပေးရန် ညွှန်ကြားအပ်ပါသည်။

- ပထမအကြိမ်ထိုးရန်။	အသက် ၂-လ အရွယ်
- ဒုတိယ အကြိမ်ထိုးရန်။	အသက် ၄ လ အရွယ်
- တတိယ အကြိမ်ထိုးရန်။	အသက် ၆လ အရွယ် (ကာကွယ်ဆေးအမှတ် တံဆိပ်ပေါ်မူတည်၍ လိုအပ်ပါကထိုးပေးရန်)
- နောက်ဆုံးအကြိမ်ထိုးရန်။	၁၂-လမှ ၁၅-လ

ဟီဗ်ကာကွယ်ဆေးကို အခြားထိုးဆေးများနှင့် တစ်ပြိုင်တည်း ထိုးပါကလည်း အွန္တရာယ်ကင်းပါသည်။

ဟီဗ်ကာကွယ်ဆေးကို အခြားကာကွယ်ဆေးနှင့် ပေါင်းစပ်ကာကွယ်ဆေး၏ တစ်စိတ်တစ်ပိုင်း အဖြစ်သုံးနိုင်သည်။ ကာကွယ်ဆေး တစ်ကြိမ်ထိုးခြင်းသည် ရောဂါတစ်မျိုးထက် ပို၍ကာကွယ်ပေးနိုင်စေရန်အတွက် ကာကွယ်ဆေး နှစ်မျိုး သို့မဟုတ် နှစ်မျိုးထက်ပို၍ ပေါင်းစပ်၍ ထိုးနှံခြင်းကို ပေါင်းစပ်ကာကွယ်ဆေးထိုးခြင်းဟု ခေါ်သည်။ အခြားအချက်ကို သိလိုက ဆရာဝန်ထံမေးနိုင်ပါသည်။

များသောအားဖြင့်အသက် ၅-နှစ်အထက် လူများအတွက် ဟီဗ်ကာကွယ်ဆေး ထိုးရန် မလိုပါ။ သို့ရာတွင် သရက်ရွက် (ဘေလုံး) ဖြတ်ထုတ်ရန် ခွဲစိတ်ကုသခြင်း မလုပ်မီ သို့မဟုတ် ရိုးတွင်းချဉ်ဆီ အစားထိုးကုသခြင်း အပြီးတွင် အသက်ကြီး ကလေးများ သို့မဟုတ် လူကြီးများအတွက် ထိုကာကွယ်ဆေးကို ထိုးပေးနိုင်သည်။ ကျန်းမာရေး အထူးအခြေအနေများ ဖြစ်သည့် သွေးအားနည်းသူများတွင် ဖြစ်တတ်သည့် sickle cell ရောဂါ သို့မဟုတ် အိတ်ရ်အိုင်ဗီ/အေအိုင်ဒီအက်စ် ကူးစက်ခံရသူများ အတွက်လည်း လိုကောင်းလိုပေမည်။ အသေးစိတ်ကို ဆရာဝန်ထံမေးပါရန်။

3 အရှိုးသောလူများအား ဤကာကွယ်ဆေးကို မထိုးသင့်ပါ။

အသက် ရက်သတ္တ ၆-ပတ်အောက် နို့စို့ရွယ်ကလေးများအား ဤကာကွယ် ဆေးမထိုးသင့်ပါ။

အောက်ပါတို့ဖြစ်လာသည့်အခါ ဆရာဝန်ကို ပြောပါ။

- **အကယ်၍လူနာတွင် အလွန်ဆိုးရွားသော (အသက်အွန္တရာယ် ဖြစ်လောက်သည့်) ယားယံသည့် ဆေးမတည့်ခြင်းများ ရှိသည့်အခါ။** ဟီဗ်ကာကွယ်ဆေးထိုးပြီးနောက် လူနာတွင် အသက်အွန္တရာယ် ဖြစ်လောက်သည့် ဆေးမတည့်မှုမျိုးဖြစ်ခဲ့ဖူးခြင်း၊ သို့မဟုတ် ဤကာကွယ်ဆေး၏ အစိတ်အပိုင်း တစ်ခုခုနှင့် အလွန်ဆိုးရွားစွာ ဆေးမတည့်ခြင်းဖြစ်လာပါက ထိုလူနာသည် ကာကွယ်ဆေး ထိုးခြင်း မလုပ်သင့်ပါ။
- **အကယ်၍ လူနာသည် နေထိုင်မကောင်းပါက။** ထိုလူနာနေကောင်းလာသည်အထိ စောင့်ရန် ဆရာဝန်က အကြံပြုနိုင်သည်။ နေကောင်းပါက သင်ပြန်လာရမည်။

U.S. Department of Health and Human Services
Centers for Disease Control and Prevention

4 ကာကွယ်ဆေးထိုးပြီးဖြစ်လာနိုင်သည့် အန္တရာယ်များ

ကာကွယ်ဆေးတစ်ခုထိုးခြင်းသည် အခြားဆေးများကဲ့သို့ပင် ဘေးထွက်ဆိုးကျိုးများရှိနိုင်ပါသည်။ ယင်းဆိုးကျိုးများမှာ အလွန်ပင် အားပျော့ပြီး အလိုလိုပျောက်သွား တတ်ပါသည်။ အလွန်ဆိုးရွားသည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်နိုင်သော်လည်း ဖြစ်ခဲလှသည်။

ဟီဗ်ကာကွယ်ဆေးထိုးဖုံးသူ အများစုသည် ယင်းဆေးထိုးထားမှုကြောင့် မည်သည့်ပြဿနာမျှ မဖြစ်ပါ။

ဟီဗ်ကာကွယ်ဆေးထိုးပြီးနောက်ဖြစ်တတ်သည့် **အဓိကအားဖြင့် ပြဿနာများမှာ-**

- ဆေးထိုးထားသည့် နေရာတွင် နီရဲလာခြင်း၊ ပူနွေးလာခြင်း သို့မဟုတ် ရောင်ကိုင်းလာခြင်း
- ကိုယ်ပူဖျားခြင်း

ဤပြဿနာများ မှာ ဖြစ်တောင့်ဖြစ်ခဲလှသည်။ ဖြစ်လာသည့်တိုင် ဆေးထိုးပြီးမှသာ ဖြစ်တတ်ပြီး (၂) ရက်မှ (၃) ရက်ထိကြာတတ်သည်။

မည်သည့်ကာကွယ်ဆေးမဆို ဆေးထိုးပြီးနောက်ဖြစ်တတ်သည့် ပြဿနာများ။

- ကာကွယ်ဆေးထိုးခြင်းအပါအဝင် မည်သည့် ဆေးဝါးကုသမှုတွင်မဆို ခေတ္တမျှ သတိလစ်ခြင်းမျိုးဖြစ်တတ်ပါသည်။ (၁၅) မိနစ်ခန့် ထိုင်နေခြင်း သို့မဟုတ် လဲလျောင်းနေခြင်းဖြင့် သတိလစ်ခြင်းနှင့် လဲကျမှုကြောင့် ဖြစ်ရသည့် ထိခိုက်ဒဏ်ရာများကို ကာကွယ်နိုင်သည်။ လူနာမှုးဝေသလို ခံစားရခြင်း သို့မဟုတ် မျက်စိအမြင်များ ဝေဝါး၍ နားများအူလာပါက ဆရာဝန်ကို ပြောပြပါ။
- ကာကွယ်ဆေးထိုးပြီးနောက် ပုခုံးသား အလွန်နာကျင်ခြင်း နှင့် ဆေးထိုးသည့်ဘက်မှ လက်မောင်းလှုပ်ရှားနိုင်မှု လျော့နည်းခြင်းမျိုး ဖြစ်တတ်သော်လည်း ဖြစ်ခဲလှပါသည်။
- ကာကွယ်ဆေးထိုးထိုးခြင်းကြောင့် အလွန်ဆိုးသည့် ဆေးမတည့်မှုမျိုးမှာ ဖြစ်တောင့်ဖြစ်ခဲကိစ္စဖြစ်ရာ အကြိမ်တစ်သန်းတွင် တစ်ကြိမ်အောက် သာဖြစ်ပါသည်။ တစ်ခုခုဖြစ်သော်လည်း ဆေးထိုးပြီး မိနစ်ပိုင်းအတွင်းမှ နာရီပိုင်းအတွင်းသာ ဖြစ်တတ်သည်။

ကာကွယ်ဆေးထိုးခြင်းတွင် အန္တရာယ် ကင်းရေးကို အမြဲစောင့်ကြည့်သည်။ သတင်းအချက်အလက်ပိုမိုသိလိုပါက **www.cdc.gov/vaccinesafety/** တွင်ဝင်ရောက်ကြည့်နိုင်ပါသည်။

5 ဆေးမတည့် လက္ခဏာ ပြပြီး ဆိုးဆိုးရွားရွားဖြစ်လာပါက မည်သို့လုပ်ဆောင်ရမည်နည်း။

မည်သည့်ကိစ္စကို စောင့်ကြည့်ရမည်နည်း။

- ဆိုးဆိုးရွားရွား ဆေးမတည့်သည့် လက္ခဏာများ ၊ အဖျားကြီးခြင်း သို့မဟုတ် အမှုအရာ အပြောင်း အလဲ ဖြစ်လာခြင်းတို့ကဲ့သို့သော သင့်အား စိတ်ပူပန်စေနိုင်သည့် မည်သည့်အရာကိုမဆို စောင့်ကြည့်ရမည်။

ဆိုးဆိုးရွားရွား ဆေးမတည့်သည့် လက္ခဏာ ပြခြင်းတွင် အရေပြားမခံနိုင်အောင် ယားယံလာခြင်း၊ မျက်နှာနှင့် လည်ချောင်းရောင်ကိုင်းလာခြင်း၊ အသက်ရှူရခက်ခဲလာခြင်း ၊ နှလုံးခုန်မြန်လာခြင်း၊ မူးဝေခြင်းနှင့် အားနည်းခြင်းတို့ပါဝင်သည်။ ယင်းလက္ခဏာများသည် ဆေးထိုးပြီး နောက် မိနစ်အနည်းငယ်မှ နာရီအနည်းငယ် အတွင်းဖြစ်တတ်သည်။

မည်သည့်ကို လုပ်ဆောင်ရမည်နည်း။

- အလွန်ဆိုးရွားသည့် ဆေးမတည့်သည့် လက္ခဏာပြခြင်း သို့မဟုတ် စောင့်နေ၍မဖြစ်နိုင်သည့် အခြားအရေးပေါ် ကိစ္စဖြစ်သည်ဟု သင်ယူဆပါက ဖုန်း ၉-၁-၁ သို့ဆက်ပါ သို့မဟုတ် လူနာအား အနီးဆုံးဆေးရုံကိုပို့ပါ။ သို့မဟုတ် သင့်ဆရာဝန်ကို ခေါ်ပါ။
- ယင်းနောက် ဆေးမတည့်သည့်လက္ခဏာပြသည့် အကြောင်းရင်းကို ကာကွယ်ဆေးထိုးမှုကြောင့် ဆိုးကျိုးဖြစ်မှုကို အစီရင်ခံတင်ပြခြင်းစနစ် (Vaccine Adverse Event Reporting System, VAERS) သို့ သတင်းပို့ သင့်ပါသည်။ သင့်ဆရာဝန်က ယင်းကိစ္စကို မှတ်တမ်းတင် ကိုင်တွယ်မည်၊ ထိုသို့မဟုတ်ပါက VAERS ဝက်ဆိုဒ် **www.vaers.hhs.gov** သို့ ဝင်ရောက်ကာ ကိုယ်တိုင်လည်း လုပ်ဆောင်နိုင်ပါသည်။ သို့မဟုတ်ဖုန်းနံပါတ် **1-800-822-7967** သို့လည်း ဖုန်းဆက်၍ အစီရင်ခံတင်ပြနိုင်ပါသည်။

VAERS သည် ဆေးမတည့်သည့် လက္ခဏာ ပေါ်သည့်အခါ သတင်းပို့ရန်အတွက်သာ ဖြစ်သည်။ ယင်းအဖွဲ့သည် ဆေးဝါးကုသမှုအတွက် အကြံမပေးနိုင်ပါ။

6 အမျိုးသားကာကွယ်ဆေးထိခိုက်ဒါဏ်ရာဖြစ်မှု အတွက် လျော်ကြေးပေးရေး အစီအစဉ်

အမျိုးသားကာကွယ်ဆေး ထိခိုက်ဒါဏ်ရာအတွက်လျော်ကြေးပေးရေး အစီအစဉ် (National Vaccine Injury Compensation Program, VICP) သည် ဗဟို အစိုးရ အစီအစဉ်တစ်ရပ်ဖြစ်ပြီး အချို့ကာကွယ်ဆေးထိုးမှုများကြောင့် အနာတရဖြစ်သူများ အတွက် လျော်ကြေးပေးနိုင်ရန် တည်ထောင်ထား ခြင်းဖြစ်သည်။

ကာကွယ်ဆေးထိုးပေးမှုကြောင့် ထိခိုက်အနာတရဖြစ်သည်ဟု ယုံကြည်သူများအနေဖြင့် ဤအစီအစဉ်အကြောင်းကို ဖတ်ရှုလေ့လာကာ ဖုန်းနံပါတ် **1-800-338-2382** သို့ခေါ်ဆို၍ဖြစ်စေ၊ VICP ဝက်ဆိုဒ် ဖြစ်သည့် **www.hrsa.gov/vaccinecompensation** သို့ဝင်ရောက်ကြည့်၍ဖြစ်စေ လျော်ကြေးကိစ္စတိုင်တန်း တောင်းဆိုနိုင်ပါသည်။

7 ပိုမိုသိရှိလိုပါက မည်သို့လုပ်ဆောင်ရမည်နည်း။

- သင့်ဆရာဝန်ကို မေးပါ။ 1-888-767-4687
- ဒေသအတွင်း သို့မဟုတ် ပြည်နယ်ကျန်းမာရေးဌာန သို့ ဖုန်းဆက်မေးပါ။
- ရောဂါများထိန်းချုပ်ရေးနှင့် ကာကွယ်ရေး (Centers for Disease Control and Prevention, CDC)သို့ ဆက်သွယ်ရန်။
  - ဖုန်း **1-800-232-4636 (1-800-CDC-INFO)**
  - CDC ၏ဝက်ဆိုဒ်ဖြစ်သည့် **www.cdc.gov/vaccines** သို့ ဝင်ကြည့်ပါ။

DCH-0449BU
AUTH: P.H.S., Act 42, Sect. 2126.

Vaccine Information Statement (Interim)

Hib Vaccine

2/04/2014 Burmese

Office Use Only

42 U.S.C. § 300aa-26

Translation provided by the Immunization Action Coalition

ကာကွယ်ဆေးထိုးထားပဲ့အခြေအနေ၊ ကာကွယ်ဆေး စိစစ်ချက်နဲ့ နောင်မှာ ကာကွယ်ဆေးထိုးသင့်တဲ့အချိန်တို့ကို ဆရာဝန်(တွေ)က တိတိကျကျရနိုင်အောင် (Michigan Care Improvement Registry) မစ်ရှိဂင် ကုသမှု တိုးတက်ကောင်းမွန်ရေး စာရင်းကို အချက်အလက်တွေ ပို့လိုက်ပါမယ်။
ကာကွယ်ဆေးဆိုင်ရာ အချက်အလက်တွေကို ဒီစာရင်းကို ပို့မပေးဖို့ ဆရာဝန်တွေကို တောင်းဆိုပိုင်ခွင့် လုပ်ပိုင်လိုတွေမှာ ရှိပါတယ်။